Volume 3/Issue 8/August/2010
*Enjoy free reading from B.C.F*

# † Newsletter – သတင်းလွှာ

မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်
(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

# အလုံးစုံကို သိတော်မူသော ထာဝရဘုရား

အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို စစ်ကြော၍ သိတော်မူ၏။

အကျွန်ုပ်ကို ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းတော်မူ၏။
အကျွန်ုပ်ကို အမိဝမ်းထဲ၌ မဖန်ဆင်းမီ ဘုရားသခင်သိနှင့်ပြီ။
အကျွန်ုပ်၏ မစုံလင်သေးသော အလုံးအထွေးကိုလည်း မြင်တော်မူပြီ။
အကျွန်ုပ်၏ ဆံပင်သည်လည်း အကုန်အစင် ရေတွက်လျက်ရှိ၏။

အကျွန်ုပ်သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက် ရှိ၏။
အကျွန်ုပ်ကို ရှေးမဆွက ခွဲခန့်မှတ်သားတော်မူသည်နှင့်အညီ၊ ခရစ်တော်အားဖြင့် အမွေခံ ဖြစ်၏။
အကျွန်ုပ်ကို တစုံတခုမျှ မရှိမီကာလတွင်၊ ကိုယ်တော်၏စာရင်း၌ အကုန်အစင် မှတ်သားလျက် ရှိပါ၏။
အကျွန်ုပ်အား ခွဲဝေစီမံသော အချိန်ကာလကိုဎင်း၊ နေရာအပိုင်းအခြားကိုဎင်း မှတ်သားတော်မူ၏။

အကျွန်ုပ်ထိုင်ခြင်း၊ ထခြင်းအရာတို့ကို သိတော်မူ၏။
အကျွန်ုပ် အကြံအစီတို့ကို အဝေးကပင် နားလည်တော်မူ၏။
အကျွန်ုပ်သွားသောလမ်းကိုဎင်း၊ အိပ်ရာကိုဎင်း စစ်ဆေး၍၊
အကျွန်ုပ်ကျင့်သော အကျင့်အလုံးစုံတို့ကို ကျွမ်းတော်မူ၏။

အကျွန်ုပ်သည် စကားတစ်ခွန်းကိုမျှ မမြွက်သော်လည်း …၊ ထာဝရဘုရားသည် အကြွင်းမဲ့ သိတော်မူ၏။

ထို့အတူ…သင့်ကိုဎင်း၊ သင်၏အပြုအမူကိုဎင်း၊ သင်၏စိတ်နှလုံး အကြံအစီကိုဎင်း၊ သိတော်မူ၏။

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

# အဆိုး ထဲက အကောင်း

ခဲယဉ်းဆိုးယုတ်သော ဤခေတ်ကြီးမှာ…၊ လူလိမ်လူကောက်များပိုများလာသည်။ မိမိတို့၏နှုတ်ကိုမစောင့်စည်းဘဲ၊ မုသာစကားကိုရေရေလည်လည် ရဲတင်းစွာပြောလာကြသည်။အချို့မှာမူကား၊'မုသာမပါ–လက်ာမချော'ဆိုရိုးစကား၏ အနက်အဓိပ္ပါယ်ကို သေသေချာချာ နားမလည်ဘဲ၊ တွင်ကျယ်စွာသုံး၍၊ ဝိနည်းရှောင်ကာ မုသာစကားပြောရန် ဝန်မလေးကြ တော့ပါ။ ထိုသို့သောသူများမှာ သစ္စာမဲ့၍ လိမ်ညာမှုကို မကြောက်ရွံ့ကြပေ။

သို့ဖြစ်၍၊သခင်ယေရှုသည် ထိုသို့သောသူတို့ကို **"သင်တို့သည် သင်တို့၏အဘတည်းဟူသော မာရ်နတ်မှ ဆင်းသက်ကြ၏။ သင်တို့အဘ၏ အလိုသို့လည်း လိုက်တတ်ကြ၏။ထိုသူတို့၌သစ္စာတရားမရှိ သောကြောင့် သစ္စာတရား၌မတည်မနေ"၊"ဘုရားသခင်နှင့်စပ်ဆိုင်သောသူသည် ဘုရားသခင်၏ စကား တော်ကို နားထောင်တတ်၏။ သင်တို့သည် ဘုရားသခင်နှင့်မစပ်ဆိုင်သောကြောင့် နားမထောင်ကြ"ဟု မိန့်တော်မူ၏။ သုတ္တံကျမ်းတွင်၊ မုသာနှင့်ပတ်သက်၍ ဤသို့တွေ့ရှိရသည်။ "မုသာကိုသုံးသောသူသည် လည်းဒဏ်နှင့်မလွတ်ရ၊ ပျက်စီးခြင်းသို့ရောက်လိမ့်မည်"။**

သင်သည်လည်း၊ မုသာစကား၏ကျော့ကွင်းတွင်သက်ရောက်ဖူးမည်။ လိမ်ညာမှုထောင်ချောက် တွင်လည်း တိုးမိကောင်းတိုးမိခဲ့မည်။ သို့တည်းမဟုတ်၊ မုသာ၏သားကောင် ဖြစ်ခဲ့ဖူးမည်ဆိုလျှင်၊– အောက်ပါအဖြစ်အပျက်လေးမှ ဘဝသင်ခန်းစာယူကြပါစို့…။

ရောဘတ်ဒီဗင်စင်ဇိုဆိုသူသည်အာဂျင်တီးနားနိုင်ငံမှဂေါက်သီးအကျော်အမော်တစ်ဦးဖြစ်သည်။ တစ်နေ့၊ ဂေါက်သီးရိုက် ပြိုင်ပွဲတစ်ခုမှာ သူဗိုလ်ဆွဲအနိုင်ရသွား၍၊ ဆုကြေးအဖြစ်ရရှိတဲ့ ချက်လက်မှတ်ကို လက်ခံရယူပြီး၊ ကင်မရာဆရာတွေရှေ့မှာ တပြုံးပြုံးနှင့် ဓါတ်ပုံရိုက်ပြီးနောက်၊ ဂေါက်ကလပ်သို့ထွက်ခဲ့သည်။ ရောဘတ်ဒီဗင်စင်ဇိုသည် ဂေါက်ကလပ်တွင် လုပ်ကိုင်ဆောင်ရွက်စရာများ ပြီးစီး၍၊ အိမ်သို့ပြန်ရန် သူ၏ ကားရပ်ထားသည့် နေရာသို့ အသွားတွင်၊ အသက်ခပ်ငယ်ငယ် အမျိုးသမီး တစ်ယောက် သူ့အနားသို့ ရောက်လာပြီး၊ ပြိုင်ပွဲမှာ အနိုင်ရ၍ ဝမ်းသာဂုဏ်ယူမိပါကြောင်းနှင့် တဆက်တည်းမှာပင် သူမ၏လူမမယ် ကလေးငယ်မှာအသည်းသန်ဖျားနေ၍၊ သေတော့မည့်အခြေအနေမှာရှိနေကြောင်းကိုသနားစဖွယ်ပြောပြီး၊ သူမကလေးငယ်အတွက်ဆေးရုံကုန်ကျစရိတ်၊ဆရာဝန်စမ်းသတ်ခနှင့်ဆေးဖိုးဝါးခ၊အတွက်ကုန်ကျမည့်ပိုက် ဆံကိုလည်း သူမအနေနဲ့ဘယ်လိုမှ မပေးနိုင်ကြောင်း ပြောပြသည်။ ရောဘတ်ဒီဗင်စင်ဇိုသည် သူမပြောပြ သမျှကို ဝမ်းနည်းစွာ ခံစားရသည်။ ချက်ခြင်းပင်၊သူသည် ဘောလ်ပင်ကိုထုတ်၍၊ ဆုကြေးအဖြစ်ရရှိခဲ့သည့် ချက်(Check)တွင် လက်မှတ်ထိုးပြီး၊ အမျိုးသမီးငယ်လက်ထဲ ထည့်ပေးလိုက်သည်။

နောက်တစ်ပါတ်အကြာမှာ၊ ရောဘတ်ဒီဗင်စင်ဇိုသည် ဂေါက်ကလပ်၌ နေ့လည်စာစားသောက် နေစဉ်၊ ကလပ်အရာရှိတစ်ဦး သူ့ထံသို့ ရောက်လာပြီး၊ ပြောသည်မှာ…"ပြီးခဲ့တဲ့အပါတ်က ပြိုင်ပွဲအပြီးမှာ အမျိုးသမီး တစ်ယောက် ခင်ဗျားကို လာတွေ့တယ်လို့၊ ကားစောင့်တဲ့ ကောင်လေးက ပြောတယ်"။ ရောဘတ်ဒီဗင်စင်ဇိုကလည်း၊ ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။ ထိုအခါ၊ အရာရှိသည် "ဟာ– ကောင်းပြီ ခင်ဗျားကို သတင်းတစ်ခုပေးမလို့၊ အဲဒီအမျိုးသမီးက လူလိမ်လူညာကွ၊ ဖျားနေတဲ့ ကလေးဆို တာဝေးသေးတယ်။လင်ယောကျ်ားလည်းမရှိဘူး။ ခင်ဗျားတော့ ကောင်းကောင်းကြီး အလိမ်ခံလိုက်ရပြီ"။ "ဟာ–ဒါဆိုရင် သေလုမြောပါး ကလေးငယ်က တကယ်မရှိဘူးပေ့ါ"ဟူ၍၊ရောဘတ်ဒီဗင်စင်ဇိုသည် ပြန်ပြီး မေးလိုက်သောအခါ၊ အရာရှိက "မှန်တာပေ့ါ" ဟုပြန်ဖြေလိုက်သည်။

ဤတွင်၊ ရောဘတ်ဒီဗင်စင်ဇိုသည် "ဒါဆို– ကျွန်တော်ကြားခဲ့ရသမျှ သတင်းစကားတွေထဲမှာ ဒီထက်ကောင်းတဲ့သတင်းမျိုး မရှိတော့ဘူးဗျာ" ဟု ကျေနပ်စွာ ပြန်ပြောလိုက်ပါသည်။

**အဆိုးအားဖြင့် အရှုံးမခံနှင့် အကောင်းအားဖြင့် အဆိုးကိုနိုင်လော့၊** မဆိုရှယ်(မော်တင်လိန်း)

# I Still Know Who She Is.

***By: Yi Yi Aye***

It was a busy morning, about 8:30, when an elderly gentleman in his 80s arrived to have stitches removed from his thumb. He said he was in a hurry as he had an appointment at 9:00.

I took his vital signs and had him take a seat, knowing it would be over an hour before someone would be able to see him. I saw him looking at his watch and decided since I wasn't busy with another patient, I would evaluate his wound. On examining it I saw it was well healed, so I talked to one of the doctors and got the needed supplies to remove his sutures and redress his wound.

***While taking care of his wound, I asked him if he had another doctor's appointment this morning, as he was in such a hurry.***

***The gentleman told me no, that he needed to go to the nursing home to eat breakfast with his wife.***

***I inquired as to her health. He told me that she had been there for a while! As she is a victim of Alzheimer's disease.***

***As we talked, I asked if she would be upset if he was a bit late. He replied that she no longer knew who he was, that she had not recognized him in five years now.***

***I was surprised and asked him, 'And you still go every morning, even though she doesn't know who you are?'***

***He smiled as he patted my hand and said, 'She doesn't know me but <u>I still know who she is.'</u>***

I had to hold back tears as he left, I had goose bumps on my arm and thought,
**'That is the kind of love I want in my life. True love is neither physical nor romantic'.**

***True love is an acceptance of all that is, has been…, will be…, and will not be.***

Peace is seeing a sunset and knowing who to thank.

The happiest people don't necessarily have the best of everything;

They just make the best of everything they have.

Life isn't about how to survive the storm but how to dance in the rain.

The road to success is not straight, there is ……

A curve called … Failure,

A loop called … Confusion,

Speed bumps called… Friends,

Red lights called… Enemies,

Caution lights called… Family.

You will have flats called… Jobs.

But, if you have a spare called… Determination,

An engine called… Perseverance,

Insurance called… Faith,

A driver called… **Almighty God**,

You will make it to a place called Success.

-----------------------------------

This is an email letter **"<u>I still know who she is</u>"** came from my friend.
After I read, I inspired a lot and I like to share with others. Let our loving kindness and gentleness be evident to all. That will show you how works in your life… each and every day!

Think about…, if you don't know **Almighty God**, **He** knows you and all about you,
Your past…, your present …and your future.

God knows you by name. Your Heavenly Father has searched you and known you. God knows your comings and your goings **-** your ups and downs. God is intimately acquainted with your way of thinking. God even knows what you are going to say before you say it.

In a Psalm of David: Psalm139 is saying that…
*O LORD our God, you have searched me and you know me.*
*You know when I sit and when I rise; you perceive my thoughts from afar.*
*You discern my going out and my lying down; you are familiar with all my ways.*
*Before a word is on my tongue you know it completely, O LORD. --------*
*Where can I go from your Spirit? Where can I flee from your presence?*
*If I go up to the heavens, you are there; if I make my bed in the depths, you are there.*

Imagine! How great **Almighty God is. He** knows who I am, who you are and also each and everyone. **God** cares about us. **God** will not forget us! 'Cause **He** creates all of us. **His** Loves endure forever.

I praise you and I love you, O LORD, my God.
Halleluiah… Amen.